အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]

Women's League of Burma


## နိုင်ငံတကာအမျိုးသမီးများနေ့

၂၀၀၉ ခုနှစ်၊ မတ်လ (၈) ရက်

# အမျိုးသမီး နိုင်ငံရေး အကျဉ်းသားများအားလုံး အမြန်ဆုံး လွှတ်ပေးရန် တောင်းဆို အမျိုးသမီးများအား ခွဲခြားဖိနှိပ် ဆက်ဆံထားသော နအဖ၏ ဖွဲ့စည်းပုံအား ပြတ်ပြတ်သားသား ဆန့်ကျင်ကြ

ယနေ့ ၂၀၀၉ ခုနှစ်၊ မတ်လ (၈) ရက်နေ့တွင် ကျရောက်သည့် နိုင်ငံတကာအမျိုးသမီးများနေ့သည် အမျိုးသမီးများအပေါ် တဖက်သတ် ခွဲခြားသတ်မှတ်ထားသည့် ယဉ်ကျေးမှုဓလေ့ထုံးစံများကြောင့် တည်ရှိနေသည့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများနှင့် ဖိနှိပ်မှုများအားလုံးကို အဆုံးသတ်နိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုကြီးများကို ဖြစ်ပေါ်လာစေသော သမိုင်းဝင်နေ့ တနေ့ပင် ဖြစ်သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် နိုင်ငံတကာ ညီအစ်မများနှင့်အတူ လက်တွဲ၍ လူ့အဖွဲ့အစည်း အသီးသီးတွင် တရားမျှတမှုရှိရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးတို့အတွက် တက်ကြွစွာပါဝင်လှုပ်ရှားနေသည့်နည်းတူ စစ်အာဏာရှင်စနစ်အောက်မှလွတ်မြောက်ရေး၊ ဒီမိုကရေစီပေါ်ထွန်းရေး၊ တန်းတူရေးအနှစ်သာရအပြည့်အဝရှိမည့် အနာဂတ် ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် တတ်အားသ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးသည့်အချိန်မှစ၍ ပြည်တွင်းစစ်မီး တောက်လောင်ခဲ့ရပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူတရပ်လုံးသည် နှစ်ပေါင်း (၆၀) ကျော်ကြာသည်အထိ စစ်ကျွန်များအဖြစ်ကျရောက်နေဆဲဖြစ်ပြီး အမျိုးသမီးများ၏ ဘဝသည်လည်း ဘက်ပေါင်းစုံမှ နစ်နာဆုံးရှုံးမှုများဖြင့် တွေ့ကြုံခံစားနေကြရသည်။

ယနေ့အထိ စစ်အစိုးရသည် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးအရ အဖြေရှာရန် ငြင်းဆန်လျက် စစ်အာဏာရှင်စနစ် ရာသက်ပန်ကြီးစိုးရေးကိုရှေးရှုသည့် ၎င်းတို့စိတ်ကြိုက်ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ် မေလတွင် ပြည်သူလူထုကိုအကြပ်ကိုင် ခြိမ်းခြောက်၍ အတင်းအဓမ္မ အတည်ပြုခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပရန် တဖက်သတ် ပြင်ဆင်လျှက်ရှိသည်။ ဤသို့ပြုလုပ်နေခြင်းသည် 'တွေ့ဆုံဆွေးနွေးရေး' ကို တစိုက်မတ်မတ် တောင်းဆိုနေသော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် ဒီမိုကရေစီ အင်အားစုများ၊ တိုင်းရင်းသားအင်အားစုများနှင့် ပြည်သူ တရပ်လုံး၏ ဆန္ဒကို အတိအလင်း ဆန့်ကျင်ကြောင်း ထပ်မံပြသလိုက်ခြင်းဖြစ်သည်။

ထို့အပြင် နိုဗယ်ငြိမ်းချမ်းရေးဆုရှင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ယနေ့အထိ နေအိမ်အကျယ်ချုပ်ဖြင့် ချုပ်နှောင်ထားဆဲဖြစ်သလို မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးနှင့် အခြေခံလူ့အခွင့်အရေးများအတွက် တိုက်ပွဲဝင်နေသည့် အမျိုးသမီးများဖြစ်သည့် ၈ လေးလုံး မျိုးဆက်ကျောင်းသား ခေါင်းဆောင်များဖြစ်သည့် မနီလာသိန်း၊ မမီးမီး နှင့် လူ့အခွင့်အရေးလှုပ်ရှားသူ မစုစုနွေး အပါအဝင် စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးတွင် ရဲရဲတောက်ပါဝင်ခဲ့ကြသော အမျိုးသမီးများကို မတရားဖမ်းဆီး နှိပ်စက်ထောင်ချလျှက်ရှိရာ အခုချိန်တွင် နို့တိုက်မိခင်များ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ သီလရှင်များ အပါအဝင် အမျိုးသမီး နိုင်ငံရေး အကျဉ်းသား (၁၈၀) ကျော် ထိမ်းသိမ်းခံထားရသည်။ ထိုလုပ်ရပ်များကို ကြည့်ခြင်းအားဖြင့် စစ်အစိုးရသည် မြန်မာနိုင်ငံ ငြိမ်းချမ်းတည်ငြိမ်ရေး နှင့် ဒီမိုကရေစီရရှိရေး လုပ်ငန်းများတွင် ကိုယ်ကျိုးစွန့် အနစ်နာခံတိုက်ပွဲဝင်လျှက်ရှိသည့် မြန်မာနိုင်ငံ တဝှမ်းလုံးရှိ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများအား လူထုလှုပ်ရှားမှုများတွင် ပါဝင်နိုင်ခြင်းမရှိအောင်ဖိနှိပ်ထား လျှက်ရှိပေသည်။ ထိုလုပ်ရပ်များသည် မိမိတို့အမျိုးသမီးထုအပါအဝင် ပြည်သူလူထုတရပ်လုံးကို စိမ်ခေါ်လိုက်သော လုပ်ရပ်ဖြစ်သည်ဟု မိမိတို့မှတ်ယူသည်။

နအဖ၏ ၂၀၀၈ ဖွဲ့စည်းပုံသည်လည်း အမျိုးသမီးများ၏ဘဝ တိုးတက်မြင့်မားအောင်မြှင့်တင်ပေးသည့် အချက်များကို ထည့်သွင်းရေးဆွဲထားခြင်း မရှိသည့်အပြင် အမျိုးသမီးများအား အတိအလင်းခွဲခြားဆက်ဆံထားပေသည်။ ၎င်းတို့၏ လမ်းပြမြေပုံအတိုင်း အကောင်အထည်ဖေါ်မှုများသည် မြန်မာနိုင်ငံ အမျိုးသမီးထုကြီးတရပ်လုံး ခံစားနေကြရသည့် မတရားမှုများ၊ ခွဲခြားဆက်ဆံ ခံရမှုများ၊ လိင်အကြမ်းဖက်မှုအပါအဝင် အကြမ်းဖက်မှုများနှင့် ဒုက္ခမျိုးစုံကို ဆက်လက်ရင်ဆိုင်နေကြရမည်သာဖြစ်သည်။ ထို့ကြောင့် မိမိတို့

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် ပြည်သူ့ဆန္ဒမပါပဲ အတင်းအဓမ္မ အတည်ပြုထားသည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ကိုလည်းကောင်း ၂၀၁၀ တွင် ပြုလုပ်ကျင်းပမည့် ရွေးကောက်ပွဲအားလည်းကောင်း (လုံး၀) အသိအမှတ်ပြုမည် မဟုတ်ကြောင်း အတိအလင်း ပြောကြားလိုသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရှိ အမျိုးသမီးထုကြီး အပါအ၀င် ပြည်သူတရပ်လုံးအနေနှင့် မိမိတို့အား စစ်ကျွန်အဖြစ် ရာသက်ပန် သွတ်သွင်းမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲအား ဆန့်ကျင်သည့်အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအ၀င် ဒီမိုကရေစီအင်အားစုများ တိုင်းရင်းသား အင်အားစုများနှင့် ဟန်ချက်ညီညီ လက်တွဲပါ၀င်ရင်း မိမိတို့၏ ဆန္ဒသဘောထားများကို ပြတ်ပြတ် သားသား ထုတ်ဖော်ပြသကြပါရန် အထူးတိုက်တွန်း နိုးဆော်အပ်ပါသည်။

တချိန်တည်းမှာပင် မိမိတို့သည် မြန်မာနိုင်ငံမှ အမျိုးသမီးများ၏ ဘ၀မြင့်မား တိုးတက်ရေး လှုပ်ရှားမှုကြီးကို ဆထက်တပိုး တိုးမြှင့်လုပ်ဆောင်သွားမည် ဖြစ်ကြောင်းလည်း ဤနေ့တွင် အတိအလင်း ထပ်မံ၍ ထုတ်ဖော် ပြောကြားလိုက်ပါသည်။

**ဆက်သွယ်ရန်**
**လွေးအေးနန်း** – ၀၈၉၄၃၄၂၈၄၁
**တင်တင်နွယ်** – ၀၈၇၈၄၉၉၃၃၂
**မေရီလဘန်** – ၀၈၇ ၁၈၄၀၆၂၇